ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

ပထမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဥ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာ မပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ) အရ ကတိသစ္စာမပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုတဲ့နောက်မှာ မိမိအမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။ (လိုက်ဆိုပါ)

“ကျွန်ုပ် - - - - - - - - - - - - - - သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

အားလုံး ထိုင်နိုင်ကြပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၀၅)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား

လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ၂၁ - ၁ - ၂၀၁၉ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဆေးစစ်မှုခံယူရန် ပြည်ပသို့သွားရောက်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကျော်နိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ်

မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံတက်ရောက်ကုသ။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်းနှင့် ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ (၂၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ မဲဆန္ဒနယ်မြေအသီးသီးမှာ မဲဆန္ဒရှင် ပြည်သူများရဲ့ အခက်အခဲများ၊ လိုလားချက်များ၊ တောင့်တချက်များ၊ နယ်မြေဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များစတဲ့ ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ဆန္ဒတွေကို နားထောင်ခဲ့ကြ၊ ကွင်းဆင်း လေ့လာခဲ့ကြပြီးဖြစ်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

အဲဒီလို ပြည်သူတွေရဲ့လိုလားချက်ဆန္ဒနဲ့ အခက်အခဲတွေကို အကောင်အထည်ဖော်နိုင်ရေး အတွက် လွှတ်တော်အတွင်းမှာ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းလုပ်ငန်းတွေကို သက်ဆိုင်ရာ ကော်မတီများအလိုက် ဆောင်ရွက်ရမယ့် ကော်မတီလုပ်ငန်းများနှင့်ဆက်စပ်ပြီး ဆောင်ရွက် သွားဖို့ကိုလည်း လိုအပ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားပြီး ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ချမှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမှာဖြစ်တဲ့အကြောင်း ပြောကြားရင်း ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို

တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ ပြည့်စုံစွာနှင့် မဲဆန္ဒရှင် ပြည်သူများအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှုစနစ် လိုအပ်ချက်များအရ စီမံကိန်း လျာထားချက်ရှိနေသည့် 230 KV ခရမ်း ပင်မဓာတ်အားခွဲရုံနှင့် 33 KV ဓာတ်အားခွဲရုံငယ်များ ဆောလျင်စွာ တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး က ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှုစနစ် လိုအပ်ချက်များအရ စီမံကိန်း လျာထားချက်ရှိနေသည့် 230 KV ခရမ်း ပင်မဓာတ်အားခွဲရုံနှင့် 33 KV ဓာတ်အားခွဲရုံငယ်များ ဆောလျင်စွာ တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးတက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါရစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့်စိုး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် ကျွန်တော် တင်ပြလိုတဲ့မေးခွန်းကတော့ ကျွန်တော်၏ မဲဆန္ဒနယ်မြေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်တွင် ဓာတ်အားဖြန့်ဖြူးရေး စနစ်လိုအပ်ချက်များအရ စီမံကိန်း လျာထားချက်ရှိနေသည့် 230 KV ခရမ်း ပင်မဓာတ်အားခွဲရုံနှင့် 33 KV ဓာတ်အားခွဲရုံငယ်များ ဆောလျင်စွာ တိုးချဲ့တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခရမ်းမြို့နယ်ဟာ ရန်ကုန်မြို့မှ (၄၇)မိုင်ခန့် ကွာဝေးပြီး ရန်ကုန်တိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရဲ့နယ်စပ် အရှေ့တောင်ဘက်အစွန်ဆုံးမှာ တည်ရှိတဲ့မြို့ဖြစ်သည့် အားလျော်စွာ ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွက် လိုအပ်ချက်များစွာရှိနေပါတယ်။ ယင်းလိုအပ်ချက်

ကြောင့်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျလျက်ရှိနေပါတယ်။ အထူးသဖြင့် သန်လျင် 230 KV ပင်မဓာတ်အားခွဲစက်ရုံနှင့် (၃၅)မိုင်ခန့်ကွာဝေးနေခြင်းသည်လည်း အခက်အခဲဖြစ်စေတဲ့အကြောင်းအရင်းတစ်ချက် ဖြစ်နေပါတယ်။ ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုက အိမ်ထောင်စု (၄၀) ရာခိုင်နှုန်းသာရှိပါသေးတယ်။ အိမ်ထောင်စု (၆၀)ရာခိုင်နှုန်းမှာ ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားစနစ်သုံးစွဲနိုင်မှုမရှိသေးပါဘူး။ ကျေးရွာများ မီးလင်းရေးကို တိုးတက်တည်ဆောက်ပေးနိုင်ရန် စီမံကိန်းလျာထားချက်ရှိနေသည့် 230 KV ခရမ်း ပင်မဓာတ်အားခွဲရုံကို ဆောလျင်စွာ တည်ဆောက်ပေးနိုင်ရေးနှင့်အတူ 33 KV ဓာတ်အားခွဲရုံငယ်များလည်း တိုးချဲ့တည်ဆောက်ပေးနိုင်ရန် လိုအပ်လျက်ရှိပါတယ်။ အဆိုပါဓာတ်အားခွဲရုံများကတော့ (၁) ပိန်းကန် ဓာတ်အားခွဲရုံ၊ (၂) မောင်းမလမ်းဆုံ ဓာတ်အားခွဲရုံ၊ (၃) အုတ်ဖို ဓာတ်အားခွဲရုံနှင့် (၄) ညောင်လန်း ဓာတ်အားခွဲရုံတို့ ဖြစ်ကြပါတယ်။ ၎င်းဓာတ်အားခွဲရုံများနှင့် 11 KV ပိန်းကန် ဓာတ်အားခွဲရုံကလည်း မဖြစ်မနေ တည်ဆောက်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ အဆိုပါ ဓာတ်အားခွဲရုံ စီမံချက်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ သို့မဟုတ် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရန်ပုံငွေမှ တည်ဆောက်ပေးရန် အခက်အခဲရှိပါက အနီးစပ်ဆုံး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ဒုတိယအဆင့်တွင် ထည့်သွင်းလျာထား တည်ဆောက်ပေးနိုင်စေရေးအတွက် လိုအပ်သလို စီမံဆောင်ရွက်ပေးစေလိုပါတယ်။

သို့ဖြစ်ပါ၍ စီမံကိန်းလျာထားချက်ရှိနေသည့် 230 KV ခရမ်း ပင်မဓာတ်အားခွဲရုံနှင့်တကွ 33 KV ဓာတ်အားခွဲရုံငယ်များကို ဆောလျင်စွာ တိုးချဲ့တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ကို မဲဆန္ဒရှင်ပြည်သူများ အားလုံးကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး မေးမြန်းတဲ့ ခရမ်းမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှုစနစ် လိုအပ်ချက်များအရ စီမံကိန်းလျာထားချက်ရှိနေသည့် 230 KV ခရမ်း ပင်မဓာတ်အားခွဲရုံနှင့် 33 KV ဓာတ်အားခွဲရုံငယ်များ ဆောလျင်စွာ တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ခရမ်းမြို့နယ်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေတာဟာ သန်လျင်မြို့နယ်အတွင်းမှာ တည်ရှိတဲ့ 230 KV ပင်မဓာတ်အားခွဲရုံကနေ 33 KV လိုင်းနှင့် မိုင်ပေါင်းများစွာ ရှည်လျားစွာ

တည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးနေရတဲ့ အခြေအနေဖြစ်တဲ့အတွက်ကြောင့် လက်ရှိ ခရမ်းမြို့နယ်ရဲ့ လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေဟာ အားနည်းလျက်ရှိတာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကို ကောင်းမွန်တဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ် ပေါ်ပေါက်လာနိုင်ရေးကို ရည်ရွယ်ပြီးတော့ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းကနေ စတင်ကာ ခရမ်းမြို့နယ်အတွင်းမှာ 230 KV ပင်မ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်နိုင်ရန်အတွက် သင့်လျော်တဲ့ မြေဧရိယာအကျယ်အဝန်း လုံလောက်တဲ့မြေကို ကျွန်တော်တို့ ဝန်ကြီးဌာနက စတင်ရှာဖွေခဲ့ပါတယ်။ လက်ရှိ ကမာနတ်ကနေ သန်လျင်ကို တည်ဆောက်ထားတဲ့ 230 KV မဟာဓာတ်အားလိုင်းနှင့် နီးကပ်တဲ့တည်နေရာတစ်ခု ရှာဖွေနိုင်ခြင်းအားဖြင့် 230 KV လိုင်း ထပ်မံတည်ဆောက်ရန် ငွေကြေးကုန်ကျစရိတ် နည်းပါးအောင်လည်း စဉ်းစားပြီး ရွေးချယ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒီအတွက်ကြောင့် ယခုအချိန်မှာတော့ ခရမ်းမြို့နယ်အတွင်းမှာ (၃၂)ဧက ကျယ်ဝန်းတဲ့ 230 KV ပင်မဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်နိုင်ရန်အတွက် မြေနေရာကိုလည်း ကျွန်တော်တို့ မြေယာလျော်ကြေးတွေပေးပြီးတော့ ဝယ်ယူထားရှိပြီး ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် 230 KV ပင်မဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်နိုင်ရန်အတွက် လိုအပ်တဲ့မြေနေရာကို ရရှိပြီးဖြစ်ပြီးတော့ အဆိုပါ ခွဲရုံတည်ဆောက်ရန်အတွက် လိုအပ်တဲ့ ပစ္စည်းပစ္စယ ကုန်ကျစရိတ်များဖြစ်တဲ့ အမေရိကန်ဒေါ်လာ (၂၅.၂)သန်း ဂျပန်နိုင်ငံရဲ့ JICA ချေးငွေဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနထံသို့ အဆိုပြုတင်ပြထားပြီးဖြစ်ပါတယ်။ 230 KV ခရမ်း ပင်မဓာတ်အားခွဲရုံ စီမံကိန်းဟာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ထဲမှာလည်း Project Bank List ထဲမှာ ထည့်သွင်းလျာထားပါကြောင်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းများစတင်နိုင်ရန် လျာထားပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ခရမ်းမြို့နယ်အတွင်း ကျန်ရှိနေတဲ့ ကျေးရွာတွေ လျှပ်စစ်ဓာတ်အား ပိုမိုရရှိနိုင်ရန်အလို့ငှါ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပဲခူးကနေ သန်လျင်လမ်းနှင့် မောင်းမလမ်းဆုံမှာ 33/11 KV ၊ 5 MVA ဓာတ်အားခွဲရုံ (၁)ရုံ၊ 33 KV ဓာတ်အားလိုင်း (၂.၅)မိုင်၊ 11 KV ဓာတ်အားလိုင်း (၄)မိုင်နဲ့ ပိန်းကန်ကျေးရွာမှာ 33/11 KV ၊ 5 MVA ဓာတ်အားခွဲရုံ (၁)ရုံ၊ 33 KV ဓာတ်အားလိုင်း (၀.၅)မိုင်၊ 11 KV ဓာတ်အားလိုင်း (၁၅)မိုင် တည်ဆောက်နိုင်ရေးကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ညောင်လမ်းကျေးရွာမှာ 33 KV ၊ 5 MVA ဓာတ်အားခွဲရုံ (၁)ရုံ၊ 33 KV ဓာတ်အားလိုင်း (၁၀)မိုင်၊ 11 KV ဓာတ်အားလိုင်း (၂)မိုင်၊ အုတ်ဖိုကျေးရွာမှာ အလားတူ 33 KV/ 5 MVA ဓာတ်အားခွဲရုံ (၁)ရုံ၊ 33 KV ဓာတ်အားလိုင်း (၁၁)မိုင်၊ 11 KV ဓာတ်အားလိုင်း (၂)မိုင် တည်ဆောက်ရေးတို့ကို စီမံဆောင်ရွက်ထားရှိပါတယ်။ ပိန်းကန်ကျေးရွာမှာ 33 KV ၊ 5 MVA ဓာတ်အားခွဲရုံ တည်ဆောက်ရန်အတွက် မြေနေရာလိုအပ်ချက်ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကနေပြီးတော့ (၀.၉)ဧကရှိတဲ့ လယ်မြေနှင့် မြေလွတ်မြေရိုင်း (ပလပ်မြေ) (၁.၂၅)ဧက၊ စုစုပေါင်း (၂.၁၅) ဧကကို ပံ့ပိုးကူညီဆောင်ရွက်ထားတဲ့အတွက်ကြောင့် မြေနေရာရရှိပြီးဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရန်ကုန်တိုင်းဒေသကြီးရဲ့ ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေ ခွင့်ပြုချက်ရရှိပါက ပိန်းကန်ကျေးရွာမှာ 33 KV ခွဲရုံ တည်ဆောက်ရေး

လုပ်ငန်းအတွက်ကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၄)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့နယ်တွင် ကျေးရွာ(၉)ရွာ အသုံးပြုနိုင်မည့် ယောချောင်းတံတား(၁)စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင် က မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့နယ်တွင် ကျေးရွာ(၉)ရွာ အသုံးပြုနိုင်မည့် ယောချောင်းတံတား(၁)စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လာရောက်ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီး အပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မကွေးတိုင်းဒေသကြီးက ဦးပြုံးလွင် ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်မေးရမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့နယ်တွင် ကျေးရွာ(၉)ရွာ အသုံးပြုမယ့် ယောချောင်းတံတားကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့မှ မေးမယ့်မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့နယ်ဟာ ၂၀၀၄ ခုနှစ်မှစ၍ မြို့နယ်ခွဲဖြစ်ပြီးတော့မှ ကျေးရွာပေါင်း(၄၇)ရွာပါဝင်တဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ကျောက်ထုမြို့ရဲ့ ပထဝီအနေအထားအရ မြို့နဲ့အနီးဆုံးဖြစ်တဲ့ ယောချောင်းတစ်ဘက်ကမ်းမှာ ကျေးရွာတွေ မြောက်မြားစွာ ရှိတာကိုလည်း တွေ့ရှိရပါတယ်ခင်ဗျား။ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံတော့ ယောချောင်းဟာ နွံများ၊ နုန်းများ၊ အနည်များ ပိုကျပြီးတော့မှ ချောင်းမြေဟာ အလွန်တရာမှ ကျယ်ဝန်း လာတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒီ ချောင်းတွေ၊ မြောင်းတွေ ကျယ်လာတာနှင့်အမျှ သွားလာရေး အလွန်တရာမှ ခက်ခဲလာတာကိုလည်း တွေ့ရှိရပါတယ်။

အရင်ကတော့ ယောချောင်းပေါ်မှာ ကြိုးတံတားတွေ မြောက်မြားစွာ ရွာတိုင်းရွာတိုင်းမှာ သွယ်တန်းလို့ရပေမယ့် ဒီ ၂၀၁၅ ခုနှစ်ရဲ့ ရေကြီးရေလျှံမှုကြောင့် ချောင်းမြေဟာ အလွန်တရာမှ ကျယ်ဝန်းပြီး ယခုဆိုရင် ဘယ်လိုမှ ကြိုးတံတားတွေလည်း မဆောက်နိုင်၊ သွားလာရန်လည်း အလွန်တရာမှ ခက်ခဲနေတာကို ကျွန်တော်တို့ မဲဆန္ဒနယ်တွေကို ကွင်းဆင်းတဲ့အခါ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ယောချောင်းမှာ အလွန်တရာမှ အရေးကြီးတဲ့ ဗျူဟာမြောက် တံတားဖြစ်တဲ့ ငါလွန်း၊ ကျောက်မ တံတား အပါအဝင် မြောက်မကျင်း၊ ပဆုပ်၊ ကအိုး၊ ကွမ်းခင်း၊ လက်ပန်း၊ ကြူတော၊ ကျောက်ပျဉ်း ကျေးရွာများဟာ ကျွန်တော်တို့ ကျောက်ထုမြို့ကို သွားမယ်ဆိုလို့ရှိရင် အလွန်တရာမှခက်ခဲတဲ့ ကျေးရွာများ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရွာပေါင်း(၉)ရွာ၊ အကျိုးပြုအိမ်ခြေ(၁၀၁၁)အိမ်၊ လူဦးရေ(၄၆၀၁)ဦး အကျိုးရှိပြီးတော့မှ ယခုဆောက်လုပ်ရမယ့် ငလွန်း - နွားသိုး တံတားဟာလည်း ယောချောင်း တစ်ဝိုက်မှာ အလွန်တရာမှ ခိုင်ခံ့ပြီးတော့မှ ပေ(၂၅၀)ခန့်ရှိတဲ့ အကျဉ်းဆုံးနေရာကို ကျွန်တော်တို့ တွေ့ရှိထားပါတယ်။ အဲဒီတံတားမှာ အလွန်တရာမှ အရေးကြီးတဲ့အတွက်ကြောင့်မို့လို့ လာမယ့် ဘတ်ဂျက်မှာ ဆောက်လုပ်ပေးရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ချောင်းဘောင်ပေါ်ရှိ မြေသားလမ်း "ရွှေစိုးစံဆီဆိုင်ရှေ့မှ မြောင်းခွရေပေးမြောင်း မိုင်နာ(၁)အထိ (၄.၃)မိုင်ရှည်သော လယ်ယာကုန်ထုတ်လမ်း"ကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း က ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ချောင်းဘောင်ပေါ်ရှိ မြေသားလမ်း "ရွှေစိုးစံ ဆီဆိုင်ရှေ့မှ မြောင်းခွရေပေးမြောင်း မိုင်နာ(၁)အထိ (၄.၃)မိုင်ရှည်သော လယ်ယာကုန်ထုတ်လမ်း" ကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးစောစိန်ထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်ဝပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောစိန်ထွန်း ဖြစ်ပါတယ်။ ယနေ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စား မေးမြန်းသိရှိလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်ရှိ ငွေတောင်ချောင်း ကျေးရွာပေါ်မှာရှိသော မြေသားလမ်း ရွှေစိုးစံဆီဆိုင်မှ မြောင်းခွရေပေးမြောင်း မိုင်နာ(၁)အထိ (၄.၃)မိုင်ရှည်သော လယ်ယာကုန်ထုတ်လမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းသို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

အကျိုးအကြောင်းဖော်ပြချင်တာကတော့ ကယားပြည်နယ်အတွင်းမှာ မြို့နယ်(၇)မြို့နယ် ရှိပါတယ်။ မြို့နယ်(၇)မြို့နယ်အနက် ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်မှာ စိုက်ပျိုးရေးအများဆုံးရှိသော မြို့နယ်လည်းဖြစ်ပါတယ်။ တောင်သူလယ်သမားအများစုရှိသည့် မြို့နယ်လည်းဖြစ်ခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဟာ တောင်သူလယ်သမားများရဲ့ အဓိကအသက်သွေးကြောဖြစ်ပြီး နှစ်ပေါင်းများစွာ လုပ်ကိုင်တာလည်းရှိခဲ့ပါတယ်။ လယ်ယာလုပ်ငန်းဖြင့် တစ်နှစ်(၂)သီး၊ တစ်နှစ်(၁)သီး စသည်ဖြင့် လုပ်ကိုင်လာခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရာတွင် တစ်ဧက ကျပ်(၁၅၀၀၀၀)ကနေ ကျပ်(၂၀၀၀၀၀)ထိ စရိတ်များ ကုန်ကျခဲ့ပါတယ်။ စိုက်ပျိုးရေးစနစ်များ ကုန်ကျမှုများစွာရှိတဲ့အပြင် လယ်ယာကုန်ထုတ်လမ်း လမ်းပန်းဆက်သွယ်ရေးများဟာ အလွန်ဆိုးရွားတဲ့အတွက်ကြောင့် သယ်ဆောင်စရိတ်များလည်း များစွာ ထပ်ကုန်ကျခဲ့ပါတယ်။

လက်ရှိ လယ်ယာကုန်ထုတ်လမ်းမှာ မြေသားလမ်းဖြစ်တဲ့အတွက်ကြောင့် အထူးသဖြင့် မိုးစိုစွတ်သည့် အချိန်ကာလများတွင် အဲဒီမြေသားလမ်းဟာ ဆိုနာလီကာ ထွန်စက်ကြီးမှအပ မည်သည့် ယာဉ်မျှ သွားလာလို့မရခဲ့ဘူး။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားများဟာ နှစ်စဉ် အခက်အခဲ၊ အကြပ်အတည်းများစွာ တွေ့ရပါတယ်။ မြေသားလမ်းကနေ ကျောက်ချောလမ်းသို့ တိုးမြှင့်ပြီးတော့မှ ဖောက်လုပ်ပေးနိုင်ခဲ့လျှင် တောင်သူလယ်သမားများရဲ့ဘဝ များစွာဖွံ့ဖြိုးသာယာပြီး များစွာချောင်လည်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူဦးကြီးများဟာ အဲဒီလမ်းကို ကျောက်ချောလမ်းသို့ တိုးမြှင့်ဖို့ နေ့စဉ်နှင့်အမျှ လိုလားတောင့်တပြီး မကြာခဏတင်ပြလာခဲ့ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူတောင်သူဦးကြီးများကိုယ်စား မေးမြန်းသိရှိလိုသည်မှာ ကယားပြည်နယ်မှာရှိသော ဒီးမော့ဆိုမြို့နယ်ရှိ ငွေတောင်ချောင်းဘောင်ပေါ်မှာရှိသော မြေသားလမ်း ရွှေစိုးစံဆီဆိုင်ရှေ့မှ မြောင်းခွရေပေးမြောင်း မိုင်နာ(၁)အထိ (၄.၃)မိုင်ရှည်တဲ့ လယ်ယာကုန်ထုတ်လမ်းကို မြေသားလမ်းကနေ ကျောက်ချောလမ်းသို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထု တောင်သူကြီးများကိုယ်စား မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်းဦးစီးဌာန၏ ကျေးလက်လမ်း (၈၁)လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်အတွင်း ကျောက်လမ်းကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ဂဝံမြေနီလမ်းကို ကျောက်လမ်းအဖြစ်လည်းကောင်း၊ မြေသားလမ်းကို ဂဝံမြေနီလမ်းများအဖြစ်လည်းကောင်း အသီးသီး အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်းဦးစီးဌာန၏ ကျေးလက်လမ်း (၈၁)လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်အတွင်း ကျောက်လမ်းကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ဂဝံမြေနီလမ်းကို ကျောက်လမ်း

အဖြစ်လည်းကောင်း၊ မြေသားလမ်းကို ဂဝံမြေနီလမ်းများအဖြစ်လည်းကောင်း အသီးသီး အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်းဦးစီးဌာန၏ ကျေးလက်လမ်း (၈၁)လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်အတွင်း ကျောက်လမ်းကို ကတ္တရာလမ်းအဖြစ်၊ ဂဝံမြေနီလမ်းကို ကျောက်လမ်းအဖြစ်၊ မြေသားလမ်းကို ဂဝံမြေနီလမ်းအဖြစ် အသီးသီး အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေးမြန်းရတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်ဟာ ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၀၉)ခု၊ ကျေးရွာခွဲ (၄၁၅)ရွာ၊ လူဦးရေ (၂၅၃၈၆၅၀)ဦးတည်ရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုနဲ့ ကျေးရွာခွဲအများဆုံး မြို့နယ်ဖြစ်ပါတယ်။ စလင်းမြို့နယ်၊ ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေတဲ့ ကျေးရွာချင်းဆက်လမ်း (၈၁)လမ်းရှိရာမှာ မိုင်အားဖြင့် ၂၆၃ မိုင် ၅ ဖာလုံ ရှည်ပြီး ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း မရှိဘဲ ကျောက်လမ်း ၆ မိုင် ၁ ဖာလုံ၊ ဂဝံမြေနီက ၈၄ မိုင် ၆ ဖာလုံ၊ မြေသားသက်သက်က ၁၇၂ မိုင် ၁ ဖာလုံ ရှိကြောင်း လေ့လာရရှိပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်အရ လိုငွေကိုတံတားတစ်စင်းခွင့်ပြုခဲ့ပြီး တိုင်းဒေသကြီး ၂၀၁၈-၂၀၁၉ ဘတ်ဂျက်တွင် လုပ်ငန်း(၉)ခု၊ ခွင့်ပြုငွေ (၉၅၅.၅၄၀)သန်း ခွင့်ပြုထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေသိန်း(၁၀၀၀)မှာလည်း လုပ်ငန်းတစ်ခုကို သိန်း(၅၀) ဘောင်ခတ်ထားတော့ လုပ်ငန်းခွင်ကများ၊ ရတဲ့ငွေကနည်း ဆင်ပါးစပ် နှမ်းပက်သလို ဖြစ်နေပါတယ်။ ဂဝံမြေနီကျောက်လမ်းဆိုရင် (၂)နှစ်၊ (၃)နှစ်သာ ခံနိုင်ရည်ရှိတော့ ရှေ့က ပြုပြင်၊ နောက်က လိုက်ပျက်ဆိုတော့ အဖြစ်နဲ့ အပျက် သံသရာလည်နေပါတယ်။ မိမိလေ့လာရသလောက် ပြောမယ်ဆိုရင်တော့ ရေနစ်ဇရိယာလမ်းတွေကို ကွန်ကရစ်လမ်း၊ ကျန်လမ်းကို ကျောက်ခင်းပေးနိုင်ပါက လမ်းပျက်စီးမှုနည်းပါး၍ နိုင်ငံတော်ကလည်း ပြင်ဆင်စရိတ် သက်သာလာမည်ဟု သုံးသပ်ရရှိပါတယ်ခင်ဗျား။

လေးစားရသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်းဦးစီးဌာန၏ ကျေးလက်လမ်း(၈၁)လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (၃)နှစ်အတွင်း ကျောက်လမ်းကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ဂဝံမြေနီလမ်းကို ကျောက်လမ်းအဖြစ်လည်းကောင်း၊ မြေသားလမ်းကို ဂဝံမြေနီလမ်းအဖြစ် အသီးသီး အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ ပျက်စီးလာနေပြီဖြစ်သော ပီပင်ရင်း - နန်းတက်(ခေါ်)ပါးတော်ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ပြည်ထောင်စုဘဏ္ဍာငွေဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ ပျက်စီးလာနေပြီဖြစ်သော ပီပင်ရင်း - နန်းတက် (ခေါ်) ပါးတော်ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ပြည်ထောင်စုဘဏ္ဍာငွေဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးထားတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြပေးပါမယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရဲ့ အရှေ့တောင်ဘက်မှာရှိတဲ့ ပီပင်ရင်း မှ နန်းတက် (ခေါ်) ပါးတော်ကျေးရွာအုပ်စုရှိ ရွာချင်းဆက်လမ်းကို ပြီးခဲ့တဲ့အစိုးရလက်ထက်က ကျောက်ချောလမ်းအဖြစ်ဖောက်လုပ်ပေးခဲ့ပါတယ်။ လမ်းရဲ့အရှည်မှာ ၆ မိုင် ၆ ဖာလုံခန့် ရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်တို့မှာ (၂)နှစ်ဆက်တိုက် ရေကြီးရေလျှံမှုများကြောင့် လမ်းရဲ့မျက်နှာပြင်များ တော်တော်များများ ပျက်စီးသွားခဲ့ပါတယ်။ ဒီလမ်းပျက်စီးနေမှုကြောင့် မိုးတွင်းကာလမှာ ကျွဲတဲ အ.ထ.က သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရေးလာရေး အဆင်မပြေဖြစ်နေပါတယ်။ ပီပင်ရင်း - နန်းတက်ကျေးရွာချင်းဆက်လမ်းဟာ မြောက်ဦး၊ မြောက်ဘွေ၊ မင်းပြား တို့သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ ကိစ္စရပ်များအတွက် ဒေသခံများ နေ့စဉ်သွားလာနေကြရတဲ့ လမ်းတစ်လမ်းလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြောက်ဦးမြို့နယ်ရှိ ပီပင်ရင်း - နန်းတက် လမ်းအား ပိုမိုပျက်စီးမသွားမီကျောက်ချောခင်းလမ်းအဖြစ်မှ ကွန်ကရစ်ခင်းလမ်းအဖြစ်သို့ ပြည်ထောင်စုဘဏ္ဍာငွေဖြင့် အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၇။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော

ညှော်သည်တော်များအားလုံး ၂၀၁၉ ခုနှစ် နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပြုံးလွင် မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့နယ်တွင် ကျေးရွာ(၉)ရွာ အသုံးပြုနိုင်မည့် ယောချောင်းတံတား(၁)စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့သော အချက်အလက်များနှင့် ပေါင်းစပ်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ကျောက်ထု မြို့နယ်ခွဲအတွင်းရှိ ယောချောင်းတံတားသည် ငလွန်းချောင်းမှ နွားသိုးလမ်းအရှည် ၁ မိုင် ၅ ဖာလုံ ရှိသည့် ကျေးလက်လမ်းပေါ်တွင် တည်ရှိပြီး အဆိုပါတံတားအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၆၇၅) သန်းဖြင့် အရှည်(၂၅၀)ပေရှိ ကွန်ကရစ်တံတားနှင့် ငလွန်း - ကျောက်မ - နွားသိုး ကျေးလက်လမ်း အတွက် ဂဝံ/ ဂျင်းလမ်း ခင်းခြင်းလုပ်ငန်းကိုပါ တစ်ဆက်တည်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ယောချောင်းကူးတံတားတည်ဆောက်ပြီး ကျေးလက်လမ်း အဆင့်မြှင့်တင်ပေး ပါက ဆောမြို့နယ်အတွင်းရှိ ကျေးရွာများသည် ကျေးလက်လမ်းမှတစ်ဆင့် ပခုက္ကူ - ပေါက် - မင်းတပ် ပြည်ထောင်စုလမ်းမကြီးသို့ အလွယ်တကူဆက်သွယ်သွားလာနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယောချောင်းကူးတံတားသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁) လမ်းပေါ်မှာ တည်ရှိသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်း မေးမြန်း ထားတဲ့ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ချောင်းဘောင်ပေါ်ရှိ မြေသားလမ်း ရွှေစိုးစံ ဆီဆိုင်ရှေ့မှ မြောင်းခွရေပေးမြောင်း မိုင်နာ(၁)အထိ (၄.၃)မိုင်ရှည်သော လယ်ယာကုန်ထုတ်လမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ကယားပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ် ငွေတောင် ချောင်းဘောင်ပေါ်ရှိ မြေသားလမ်း ရွှေစိုးစံဆီဆိုင်ရှေ့မှ မြောင်းခွရေပေးမြောင်း မိုင်နာ(၁)အထိ (၄.၃)မိုင်ရှည်တဲ့ လယ်ယာကုန်ထုတ်လမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ခြင်း လုပ်ငန်းအား ကွင်းဆင်းတိုင်းတာတွက်ချက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်အစိုးရ အဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကျေးလက်လမ်း (၈၁)လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်အတွင်း ကျောက်လမ်းကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ဂဝံလမ်းကို ကျောက်လမ်းအဖြစ်လည်းကောင်း၊ မြေသားလမ်းကို ဂဝံလမ်းများအဖြစ်လည်းကောင်း အသီးသီး အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ပေးပို့လာတဲ့ အချက်အလက်များနှင့် ပေါင်းစပ်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းသည် စလင်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်း (၈၁)လမ်းအား (၃)နှစ်အတွင်းမှာ လမ်းတွေအားလုံးကို ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးဖို့ မေးမြန်းလာတဲ့ မေးခွန်းဖြစ်ပါတယ်။

စလင်းမြို့နယ် တစ်မြို့နယ်လုံးမှာရှိတဲ့ ကျေးလက်လမ်း(၈၁)လမ်းရဲ့ စုစုပေါင်းလမ်းမိုင်ပေါင်း ၂၆၃ မိုင် ၅ ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရာသီမရွေး သွားလာနိုင်သော လမ်းအဆင့်များ ဖြစ်စေဖို့အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအား ၂၀၃၀ ပြည့်နှစ်အထိ ရေးဆွဲချမှတ်ထားတာကို ပထမဦးစွာ ရှင်းလင်းတင်ပြလိုပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ ဦးစားပေးအဆင့်(၁)လမ်းများကို ယခုအစိုးရသက်တမ်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဦးစားပေးအဆင့်(၂) လမ်းများကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကနေပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း လည်းကောင်း၊ ဦးစားပေးအဆင့်(၃) လမ်းများကိုတော့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အတွင်းလည်းကောင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို တစ်ဆင့်ချင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်လမ်းမိုင်ပေါင်း ခြောက်သောင်းကျော်ရှိတဲ့အနက် အဆိုပါကျေးလက်မြေသားလမ်းတွေအားလုံးကို ၂၀၃၀ ပြည့်နှစ်တွင် အနိမ့်ဆုံးအဆင့်နှင့် ရာသီမရွေးသွားလာနိုင်တဲ့ လမ်းများအဖြစ် ရောက်ရှိဖို့ ထို့မှတစ်ဆင့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများအဖြစ် တစ်ဆင့်ချင်း အဆင့်မြှင့်တင် ဆောင်ရွက်ဖို့အတွက် Master Plan များ ချမှတ်ထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ စလင်းမြို့နယ်အတွင်းရှိ လမ်းများနှင့် ပတ်သက်လို့ ကျွန်တော့်အနေဖြင့် အကျဉ်းချုပ်တင်ပြရမယ်ဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျောက်လမ်း ၇ မိုင်၊ ဂဝံ/မြေနီလမ်း ၈၅ မိုင်၊ မြေသားလမ်း ၁၇၂ မိုင်ရှိပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်း ၇ မိုင်ကို ဂဝံလမ်းအဖြစ် အဆင့်တိုးမြှင့်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ယခုဘဏ္ဍာရေးနှစ်မှာ မြေသားလမ်း ၂၁ မိုင်ကို ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားဖို့ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေမှာ စလင်းမြို့နယ်အတွင်း မြေသားတာဘောင်လုပ်ငန်း ၂၀ မိုင်

ဆောင်ရွက်မှာဖြစ်ပြီးတော့ မြေသားလမ်းမှ ဂဝံ/မြေနီလမ်းအဖြစ်(၁၆)မိုင် ကျွန်တော်တို့ တိုးမြှင့်ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ်(၂)မိုင် အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ စလင်းမြို့နယ်မှာရှိတဲ့ ရေဝပ်နေတဲ့လမ်းပိုင်း (၁၅)လမ်းခန့် ဒီဇိုင်းရေးဆွဲအတည်ပြု၍ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားပြီးတော့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ (၃)နှစ်တာ ကာလအတွင်းမှာတော့ ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားလမ်းမှ ဂဝံ/မြေနီလမ်းအဖြစ် (၁၅)မိုင်၊ ဂဝံလမ်းမှ ကျောက်လမ်းအဖြစ် (၇)မိုင်နှင့် မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် (၃)မိုင်တို့ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် မြေသားလမ်းမှ ဂဝံလမ်းအဖြစ် ပြည်ထောင်စုရန်ပုံငွေထဲက ခုနပြောတာတွေ လုပ်ပါမယ်။ ပြည်ထောင်စုရန်ပုံငွေထဲက စုစုပေါင်း ဂဝံလမ်း (၁၅)မိုင်၊ ကျောက်လမ်း (၇)မိုင်နှင့် ကွန်ကရစ်လမ်း(၃)မိုင် လုပ်မှာဖြစ်ပြီးတော့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနဲ့တော့ မြေသားလမ်းမှ ဂဝံလမ်းအဖြစ်(၂၆)မိုင် တိုးမြှင့်ပါမယ်။ ကွန်ကရစ်လမ်း(၂)မိုင် ကျွန်တော်တို့ ခင်းပါမယ်။ အမာခံလမ်းကနေ ကွန်ကရစ်လမ်းအဖြစ် (၂၉)မိုင် လျာထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ စလင်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်းများနှင့် ပတ်သက်လို့ ကျန်နေတဲ့ လမ်းတွေအားလုံးကိုတော့ ၂၀၂၉ - ၂၀၃၀ ဘဏ္ဍာနှစ်အတွင်း လမ်းအဆင့်မြှင့်တင် ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ဘဏ္ဍာနှစ်အလိုက် Master Plan တွေ ချမှတ်ပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ ပျက်စီးလာနေပြီဖြစ်တဲ့ ပီပင်ရင်း - နန်းတက် (ခေါ်) ပါးတော် ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို ပြည်ထောင်စုဘဏ္ဍာငွေဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့သော အချက်အလက်များနှင့် ပေါင်းစပ်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပီပင်ရင်း - နန်းတက် (ခေါ်) ပါးတော် ကျေးရွာချင်းဆက်လမ်း ၁၀ မိုင် ၇ ဖာလုံကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီးတော့ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် မိုးရာသီမှာ ရေကြီးရေလျှံမှုများကြောင့် လမ်းမျက်နှာပြင် ပျက်စီးမှုများကို ပြုပြင်ဆောင်ရွက်ပေးဖို့ လိုအပ်လာပါတယ်။ အဆိုပါလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ကျေးရွာ(၄)ရွာ၊ အိမ်ခြေပေါင်း(၁၁၃၇)အိမ်နှင့် လူဦးရေ(၅၀၀၀) ကျော်တို့ရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များကို တိုက်ရိုက်အကျိုးပြုမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပီပင်ရင်း - နန်းတက် ကျေးရွာချင်းဆက် ကျောက်လမ်းပျက်စီးနေမှုများ ပြုပြင်ရန်နှင့် လမ်းအဆင့် မြှင့်တင်ဆောင်ရွက်ဖို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ စတင်ပြီးတော့ ပြည်ထောင်စုရန်ပုံငွေနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်း ရန်ပုံငွေတို့မှာ ထည့်သွင်းလျာထားပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း

ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးသိန်းလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈- ၇၀၈
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်

၁။ ပြည်သူ့လွှတ်တော်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းကို ၂၈ - ၁၁ - ၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ UNICEF Myanmar ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၃-၁၂-၂၀၁၈ ရက်နေ့နှင့် ၁၁-၁၂-၂၀၁၈ ရက်နေ့တို့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင်-

(က) အမျိုးသားနှင့်အမျိုးသမီးတို့ ထိမ်းမြားလက်ထပ်ရာတွင် တည်ဆဲဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေများနှင့် ဆန့်ကျင်မှု မရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၃ တွင် ဖော်ပြထားသော စကားရပ်များအစား အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့် အသက်သည် တည်ဆဲဥပဒေများနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် အသက်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းသတ်မှတ်ချက်နှင့် အညီ ဖြစ်စေရမည်။ သို့ရာတွင် ထိမ်းမြားလက်ထပ်ခြင်း စာချုပ်ချုပ်ဆို၍ လက်ထပ်ခြင်း သို့မဟုတ် ကတိသစ္စာပြု၍ ထိမ်းမြားခြင်းဖြစ်ပါက ထိမ်းမြားလက်ထပ်ရန် ပဋိညာဉ်ပြုနိုင်သည့် အသက်သည် (၁၈)နှစ်ပြည့်ပြီးဖြစ်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ လက်နက်ကိုင် ပဋိပက္ခကြောင့် ထိခိုက်နစ်နာသော ကလေးသူငယ်များ၏ အခွင့်အရေးကို အလေးထား ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၁၊ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၆၀၊ အပိုဒ်ခွဲ(ခ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်ပတ်သက်သော၊ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်နစ်နာသော သို့မဟုတ် နေရပ်စွန့်ခွာရသော ကလေးသူငယ်များအားလုံးကို ဒုက္ခခံစားရသူများအဖြစ် သတ်မှတ်၍ ယင်းကလေးသူငယ်များ၏ အကောင်းဆုံး

အကျိုးစီးပွားကို အရေးကြီးကိစ္စအဖြစ် စီမံဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၆၀၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဆ) နှင့် အပိုဒ် ၆၃၊ အပိုဒ်ခွဲ(က) တို့တွင် ပါရှိသော တပ်သား ဆိုသည့် စကားရပ်ကို တပ်ဖွဲ့ဝင် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၂၊ အပိုဒ်ခွဲ(ခ)တွင် ပါရှိသော စစ်သား ဆိုသည့် စကားရပ်ကို တပ်ဖွဲ့ဝင် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ကြီးလေးသော ချိုးဖောက်မှု၏ အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၂၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၆၁၊ အပိုဒ်ခွဲ(က)ဖြင့် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ကလေးသူငယ်ကို တပ်ဖွဲ့ဝင်အဖြစ် စုဆောင်းခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခတွင် အသုံးပြုခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၆ ၏နောက်တွင် အပိုဒ် ၇၇ အဖြစ် ပုဒ်မ ၇၅ အရဖြစ်စေ၊ ပုဒ်မ ၇၆ ပါ ကလေးသူငယ် တရားရုံး၏ အကြောင်းကြားချက်အရဖြစ်စေ မြို့နယ်ညှိနှိုင်း ဖြေရှင်းရေးအဖွဲ့၏ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်အရ ချမှတ်သောဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည် ဆိုသည့်စကားရပ်ဖြင့် အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဂ) ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား ကလေးသူငယ်ကျူးလွန်သည့် ပြစ်မှုမှာ အောက်ပါ အချက်နှစ်ရပ်နှင့် အကျုံးဝင်သည်ဟု ကလေးသူငယ်တရားရုံးက ယုံကြည်မှသာ ထောင်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် ထောင်ဒဏ်သည် (၁၀)နှစ်ထက်မပိုစေရ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၃)ကို အပိုဒ်ခွဲငယ်(၂)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား အကျင့်စာရိတ္တလွန်ကဲစွာ ပျက်စီးနေသော သို့မဟုတ် မည်သည့်နည်းနှင့်မျှ ထိန်းသိမ်း၍မရနိုင်သော ဆိုးသွမ်းနေသည့် ကလေးသူငယ်ဖြစ်ခြင်း ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ထို့ပြင် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ(ဠ)၊ အပိုဒ် ၃၂၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၀၊ အပိုဒ်ခွဲ(က) နှင့် (ဂ)၊ အပိုဒ် ၇၆၊ အပိုဒ် ၈၂၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၈၈ ခြေဆင်း၊ အပိုဒ် ၉၀၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၁၁ ခြေဆင်း၊ အပိုဒ် ၁၁၉ တို့ကို ပိုမိုပြည့်စုံမှုရှိစေရန်အတွက်လည်းကောင်း၊ အရေးအသား ဆီလျော်ညီညွတ်မှု ရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန် အတွက်လည်းကောင်း ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၈၇၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၂) နှင့် ပြည်သူ့လွှတ်တော်က အသစ်ဖြည့်စွက်ထားသည့် အပိုဒ် ၈၇၊ အပိုဒ်ခွဲ (ဃ)တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ UNICEF Myanmar ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်(အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၀း၅၈ နာရီအချိန်တွင် ရပ်နားပါသည်။]